ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ**

စာ အ မှတ်၊ သလဝ-၁/TSEZ / ၂၀၁၃ (၅၀ )

ရက်စွဲ၊ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ(၃)ရက်

အကြောင်းအရာ။ **သီလဝါအထူးစီးပွားရေးဇုန်ပထမအဆင့်၏ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာအတည်ပြုပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၁၀-၁၁-၂၀၁၃)ရက်စွဲပါစာအမှတ် ၂/၂၂၀(ခ)(၆)/ (၇၇၉၈/၂၀၁၃)

၁။ အထက်အကြောင်းပါ ကိစ္စနှင့်စပ်လျဉ်း၍ သီလဝါအထူးစီးပွားရေးဇုန်(အဆင့်-က)၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ(Environmental Impact Assessment Report -EIA)ကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှ အထက်ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက် အကြောင်းပြန်ကြားလာပါသည်။

၂။ အဆိုပါ သဘောထားမှတ်ချက်ပြန်ကြားချက်တွင် သီလဝါအထူးစီးပွားရေးဇုန်(အဆင့်-က)၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာသည် စီမံကိန်းဆိုင်ရာအကြောင်းအရာဖော်ပြချက်၊ ကွင်းဆင်းတိုင်းတာရရှိသည့် ပတ်ဝန်းကျင် အရည်အသွေးဆိုင်ရာစံနှုန်းများ၊ စီမံကိန်းကြောင့် ပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နိုင်မှု အပေါ်ကြိုတင် ခန့်မှန်းချက်နှင့် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် အစီအမံများစီမံထားရှိမှုများ၊ တည်ဆောက်ရေးလုပ်ငန်းများ မစတင်မီ၊ တည်ဆောက်ဆဲနှင့် လုပ်ငန်းလည်ပတ်သည့် ကာလများအတွင်းစီမံကိန်းလုပ်ငန်းစဉ် အဆင့် အလိုက် စောင့်ကြည့်စစ်ဆေးရမည့်လုပ်ငန်း၊ ပတ်ဝန်းကျင်ဆိုင်ရာစောင့်ကြည့်လေ့လာမည့် အစီအစဉ်များပြည့်စုံစွာတင်ပြထားကြောင်းသိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရသီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် Myanmar and Japan Consortium မှ တင်ပြခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန်(အဆင့်-က)၏ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ(Environmental Impact Assessment Report- EIA)ကို သဘောတူအတည်ပြုပါကြောင်း နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီသီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းတည်ဆောက်မှုကာလနှင့်

စီးပွားရေးလုပ်ငန်းများစတင်ဆောင်ရွက်သည့်ကာလတို့တွင် ရေရှည်ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအမံများနှင့်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းတစ်ခုချင်းအလိုက်ဆောင်ရွက်ရမည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များကိုဆောင်ရွက်သွားနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ
(သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ)

**Myanmar Thilawa SEZ Holdings Public Limited**

**MMS Thilawa Development Co., Ltd.**

မိတ္တူကို

ရုံးလက်ခံ